# ပုဂံခေတ်မှအင်းဝခေတ်ထိ
# မြန်မာဝေါဟာရများရေးထုံးပြောင်းလဲပုံစစ်တမ်း

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မအိအိခိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ပုဂံခေတ်မှ အင်းဝခေတ်ထိ မြန်မာဝေါဟာရများ ရေးထုံးပြောင်းလဲပုံစစ်တမ်း"ကို လေ့လာထားပါသည်။ ဤကျမ်းတွင် မြန်မာ ဝေါဟာရများကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် တွင်ရေးထိုးသော ကျောက်စာများမှ စစ်တမ်းထုတ် လေ့လာတင်ပြထားပါသည်။မြန်မာဘာသာ စကား၊ မြန်မာစာပေကို လေ့လာရာတွင် မြန်မာဝေါဟာရများ၏ ရေးထုံးနှင့် ရေးထုံးသမိုင်း(ယခု ခေတ်ရေးထုံးအထိ ရောက်အောင် အဆင့်ဆင့် အားထုတ်ကြိုးပမ်းမှု) ကိုလေ့လာရန်လိုပါသည်။ မြန်မာဝေါဟာရတို့၏ ရေးထုံးပြောင်းလဲလာမှုကို စစ်တမ်းထုတ်လေ့လာထားရာ ဝေါဟာရတစ်လုံး၏ အစောဆုံးအသုံးပြု ရေးသားခဲ့သည့် ရေးထုံးကိုလည်းကောင်း၊ ဝေါဟာရတစ်လုံး၏ အရေးမျိုးမျိုးကို လည်းကောင်း၊ ထိုဝေါဟာရတစ်လုံးကိုပင် ယခုခေတ်အထိ ရောက်အောင်မည်သို့ အဆင့်ဆင့် အား ထုတ်ခဲ့ပုံကို လည်းကောင်း သိရှိနိုင်မည်ဖြစ်ပါသည်။ လေ့လာမှုနယ်ပယ်ကို ပုဂံခေတ်မှ အင်းဝခေတ် သက္ကရာဇ် (၉၀၀)အထိ ပိုင်းခြားသတ်မှတ် ဖော်ပြထားပါသည်။ မြန်မာဘာသာရှိ ဝေါဟာရတို့၏ ရေးထုံးသမိုင်းကို လေ့လာခြင်းဖြစ်ရာ ဝေါဟာရတစ်လုံး၏ အစောဆုံးစတင် အသုံးပြုခဲ့သော အချိန် ကာလကို သိရှိစေသည်သာမက ထိုဝေါဟာရ၏ အရေးအမျိုးမျိုးကိုလည်း သိရှိနိုင်မည်ဖြစ်ပါသည်။ ထိုဝေါဟာရတို့၏ ရေးထုံးပြောင်းလဲစစ်တမ်းသည် မြန်မာစာပေနှင့် မြန်မာဘာသာစကားရှိဝေါဟာရတို့၏ ရေးထုံးပြောင်းလဲမှုသမိုင်းလေ့လာမှုအတွက် အထောက်အကူပြုစေမည် ဖြစ်ပါသည်။